# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက်

ကြေညာချက်အမှတ်( ၂/၂၀၁၇ )

## Saxon Capital Limited (SCL) ကုမ္ပဏီနှင့်အများသိစေရန် ကြေညာချက်

၁။ Saxon Capital Limited (SCL) ကုမ္ပဏီသည် ဘဏ်လုပ်ငန်း စနစ်နှင့်Mobile Platform ကို အသုံးပြု၍ အစုရှယ်ယာတစ်စုလျှင် ကျပ် (၁၂၅၀၀)နှုန်း သတ်မှတ်ပြီး မြင့်မားသော အတိုးနှုန်းပေးကာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးများရှိပြည်သူများအား လိမ်လည်ရောင်းချလျက်ရှိကြောင်း သတင်းရရှိပါသည်။

၂။ ကုမ္ပဏီအနေဖြင့် ထိုသို့ ဘဏ်လုပ်ငန်းစနစ်နှင့်Mobile စနစ်ကို အသုံးပြု၍ အများပြည်သူသို့ အစုရှယ်ယာရောင်းချခြင်းမှာ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ဆောင်ရွက်ခွင့်မရှိသော လုပ်ငန်းဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ထိုလုပ်ငန်းအား ဆောင်ရွက်ခြင်းမပြုရန် တားမြစ်လိုက်သည်။ ဆက်လက်ဆောင်ရွက်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အများပြည်သူများအနေဖြင့် အဆိုပါလုပ်ငန်း ဆောင်ရွက်နေခြင်းအား တွေ့ရှိလျှင်သော်လည်းကောင်း၊မိမိအတွက် နစ်နာမှု တစုံတရာရှိ၍ တိုင်ကြားလိုလျှင်သော်လည်းကောင်း အကျိုးအကြောင်း ဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာ၊ဖုန်းနံပါတ်၊ Emailတို့ ပါဝင်သည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးသို့ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊တိုင်ကြားမှု အပေါ်မူတည်၍ အများပြည်သူအကျိုးစီးပွား ကာကွယ်ရန်အလို့ငှာ တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။


ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး<br>
အမှတ်(၂၁-၂၅)၊ဆူးလေဘုရားလမ်းနှင့်ကုန်သည်လမ်းထောင့်<br>
မြန်မာ့စီးပွားရေးဘဏ်တိုင်းဒေသကြီးရုံး၊ဒုတိယထပ်ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး<br>
ဖုန်း -၀၁-၃၇၃၁၉၈၊ Email:secm.myanmar@gmail.com